ပူးတွဲ

**ကျန်းမာရေးဝန်ကြီးဌာန**

**ကျန်းမာရေးလုပ်ငန်းဆိုင်ရာအလုပ်အကိုင်ကျွမ်းကျင်မှု"စံ"သတ်မှတ်ရေးကော်မတီ ဥက္ကဋ္ဌ**

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မှ**

**အကူသူနာပြု(အဆင့်-၂)အလုပ်အကိုင်အတွက်**

**အမျိုးသားအဆင့်ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နေမှုများကို ကြည့်ရှုစစ်ဆေးခြင်း**

သူနာပြုသင်တန်းကျောင်းနေပြည်တော်၊ ဩဂုတ်လ(၂၃)ရက်

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလုပ်ငန်းဆိုင်ရာအလုပ်အကိုင်ကျွမ်းကျင်မှု"စံ"သတ်မှတ်ရေး ကော်မတီမှ အကူသူနာပြု(အဆင့်-၂)အလုပ်အကိုင်အတွက် အမျိုးသားအဆင့်ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေးဌာန (Assessment Center) တွင် ကုသရေးဦးစီးဌာနမှ NSSA အသိအမှတ်ပြု အကူသူနာပြု(အဆင့်-၂) သင်ရိုးညွှန်းတမ်းဖြင့် အောင်မြင်ထားသည့် အကူသူနာပြုများအတွက် NSSA အသိအမှတ်ပြု ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ဆောင်ရွက်နေခြင်းကို ကျန်းမာရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု"စံ"သတ်မှတ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့် တာဝန်ရှိသူများမှ (၂၃-၈-၂၀၂၃) ရက်နေ့ နံနက်(၉:၄၅)နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်မှုတွင် ပါဝင်သော အကူသူနာပြုလုပ်သား(၁၄)ဦးနှင့် ကုသရေး ဦးစီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ On the Job Training (Volunteer Assessor)အဖြစ် ပါဝင်ဆောင်ရွက်သူ သူနာပြု အရာထမ်း/အမှုထမ်း(၃၀)ဦးတို့အား ကျန်းမာရေး လုပ်ငန်းဆိုင်ရာအလုပ်အကိုင်ကျွမ်းကျင်မှု"စံ"သတ်မှတ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းမှ တွေ့ဆုံအားပေးစကားပြောကြားခဲ့ ပါသည်။

အဆိုပါ အကူသူနာပြု(အဆင့်-၂)အလုပ်အကိုင်အတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းတွင် အကူသူနာပြု(အဆင့်-၂)တစ်ဦး တတ်မြောက်ရမည့် Competency (၁၁)ခု ပြည့်မီခြင်း ရှိ/မရှိ စာတွေ့လက်တွေ့ဖြင့် အဆင့်ဆင့် စိစစ်အကဲဖြတ်ခြင်းကို (၂၁-၈-၂၀၂၃)ရက်နေ့ မှ (၂၆-၈-၂၀၂၃) ရက်နေ့ထိ ဆောင်ရွက်မည်ဖြစ်ပါကြောင်း သတင်းရရှိပါသည်။


2023/8/23 10:10


N.I.S
2023/8/23 09:59


2023/8/23 09:59


2023/8/23 10:01


2023/8/23 10:01